Myanmar Investment Commission

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်
## အမှတ်စဉ် ( ၁ / ၂၀၁၉ )

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၉) အား ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း **နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု** အဆိုပြုလုပ်ငန်း (၇) ခု၊ အတည်ပြုလုပ်ငန်း (၃၃) ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအနက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ အဆိုပြုလုပ်ငန်း(၇)ခု၊ အတည်ပြုလုပ်ငန်း (၂) ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂၆) ခု၊ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြု လုပ်ငန်း (၁)ခု၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁) ခု၊ တနင်္သာရီ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁) ခုနှင့် ဧရာဝတီတိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂) ခုခွင့်ပြုခဲ့ပြီး ဖြစ်ပါသဖြင့် ယခုအစည်းအဝေးကာလအတွင်း စုစု ပေါင်းလုပ်ငန်း (၄၀)ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၃၀၉.၆၆၆) သန်းကို ခွင့်ပြု/ အတည်ပြု ပေးခဲ့ပြီး အဆိုပါ လုပ်ငန်းများမှ **ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၁၆၉၅) ဦး** ကိုဖန်တီးပေးမည်ဖြစ်ပြီး ယခင်ခွင့်ပြုပြီးလုပ်ငန်းများမှ **ပြည်တွင်းလုပ်သား အင်အားတိုးမြှင့်မှုမှာ (၁၀၄၁) ဦး** ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြုလုပ်ငန်း (၄၀) ခုမှာ စက်မှုကဏ္ဍမှ (၃၅) ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍမှ (၁) ခု၊ လျှပ်စစ်ကဏ္ဍမှ (၁) ခု၊ အိမ်ယာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍမှ (၁) ခု နှင့် အခြားကဏ္ဍမှ (၂) ခု ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဇန်နဝါရီလ (၁၁) ရက်နေ့ အထိ **နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု** ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၇၈) ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၉၇၀.၄၇၇) သန်းဖြစ်ပါသည်။ **ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း** အပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၁၂၃၁.၉၁၁) သန်းဖြစ်ပါသည်။

**အထူး စီးပွားရေးဇုန် ဥပဒေအရ** ၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ ဇန်နဝါရီလ (၁၁) ရက်နေ့အထိ စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၈၉.၄၇) သန်းဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ ဇန်နဝါရီလ (၁၁) ရက်နေ့ အထိ **စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ပမာဏ** အမေရိကန်ဒေါ်လာ (၁၃၂၁.၃၈၁) သန်း ဖြစ်ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း **မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု** အတည်ပြုလုပ်ငန်း စုစုပေါင်း (၁၀) ခုခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု

ကော်မရှင်မှ အတည်ပြုလုပ်ငန်း (၁)ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုလုပ်ငန်း (၃) ခု၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုလုပ်ငန်း (၁) ခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁) ခု၊ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု၊ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၂)ခု နှင့် ကယား ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု ရှိပါသဖြင့် ယခုအစည်းအဝေးကာလ အတွင်း စုစုပေါင်း လုပ်ငန်း (၁၀)ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၂.၈၆၃) သန်းအပါအဝင် ကျပ် (၂၁,၅၁၅.၅၄၆) သန်းခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများမှ **ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၈၆၃) ဦး** ကို ဖန်တီးပေးမည်ဖြစ်ပါသည်။ အတည်ပြု လုပ်ငန်း (၁၀)ခုမှာ စက်မှုကဏ္ဍမှ (၅) ခု၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍမှ (၄) ခုနှင့်အခြားကဏ္ဍမှ(၁) ခု တို့ဖြစ်ပါ သည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ဇန်နဝါရီလ ၁၁ ရက်နေ့အထိ **မြန်မာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု** ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၅၄) ခု၊ အမေရိကန် ဒေါ်လာ (၁၈၈.၄၄၁) သန်းအပါအဝင် ကျပ် (၅၀၆,၆၇၅.၉၅၄) သန်းဖြစ်ပါသည်။ **ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း** အပါအဝင် ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၂၀၀.၁၉၇) သန်း အပါအဝင် ကျပ် (၆၂၀,၉၁၃.၂၉၄) သန်းဖြစ်ပါသည်။